# မင်္ဂလာဆုမွန်

( ကိုကိုလေး နှင့် မမီးမီး တို့၏ ၂၁နှစ်မြောက်မင်္ဂလာပွဲသို့ )

၈၈ ရဲ့ ခုနစ်ရက် ဇွန်
ဘ၀ ရေစက်သွန်
မေတ္တာလွန်လို့ တူစုံတွဲ
ချစ်ခြင်းယှဉ်ပြိုင်နွဲ
မင်္ဂလာပွဲမှာ ကိတ်မပါ
ဆွေမျိုးတွေလဲမလာ
မေတ္တာသာ ပဓါန
ဒို့ရဲ့ချစ်လမ်းစ
ဘ၀တိုက်ပွဲ စကြပြီ
ဒို့တတွေ အခက်ခဲသိ
လက်တွဲညီလို့ တိုင်းပြည်အရေး
ဒို့တတွေ ဦးစားပေး

အိမ်ထောင်ရေး နှင့် အချစ်ရေး
မိသားစုရေး နှင့် လူမှုရေး
ရေးပေါင်းများစွာ ယှဉ်တဲ့ခါ
နိုင်ငံသာမှ သာနိုင်စွ
နိုင်ငံ့အရေး လက်မနှေး
စတေးဖို့ကြံ ဒို့မောင်နှံ

သူ့ကံကိုယ့်ကံ ကောင်းဖို့ရန်
အားမန်စွဲပိုက် ဇွဲနဲ့တိုက်
လူမိုက်တတွေ ပြုန်းပြုန်းကျေ
ပြည်သူတသိုက် အောင်ပွဲဆိုက်။

ကိုကိုအောင်(ဆန်ဖရန်စစ္စကို) ဇွန် ၇ ၂၀၀၉